ရေတွင်းကုန်းကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇- ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရေတွင်းကုန်းကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

မာတိကာ


စကားချီး ၅
ရေတွင်းကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က)ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၂
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၁၉
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၀။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၁
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက်
အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား  ၄၄  လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား  ၄၅  ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား  ၄၆  ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား  ၄၇  ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား  ၄၈  မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၆၇

ကော်မတီစာရင်း ၇၃

ကိုးကားစာရင်း ၇၄

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရေတွင်းကုန်းကျေးရွာ

မင်းဘူး(စကု)မြို့နယ်

ရေတွင်းကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည် ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီး ပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ် နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက် နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိ လာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင် မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ် အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ် ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်

အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိ ရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ရေတွင်းကုန်းကျေးရွာသည် မင်းဘူးတောင်ဘက်(၅)မိုင်ခန့်အကွာတွင်တည်ရှိပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးစိုက်ရာ မင်းဘူးမြို့နှင့် သွားလာဆက်သွယ်ရေး လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း တို့ဖြင့် မွေးဝမ်းကြောင်းပြုကြပါသည်။ ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် ရေရိုးနှင့် ဆားပွတ်ချောင်း ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ယာမြေများမှာ ပဲ၊နှမ်း၊ပဲစဉ်းငုံများ ထုတ်လုပ်ရန် နှင့် အသက်မွေးဝမ်း ကျောင်းပြုရန်အတွက် အဓိကအားထားရာ ဖြစ်ပါသည်။ ၂၀၁၅ခုနှစ် ဇူလိုင်လတွင် ချောင်းရေလျှံတက်မှုကြောင့် ယာမြေများမှာ သီးနှံများပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ချောင်းရေလျှံတက်မှုကြောင့် အခါအားလျော်စွာ အန္တရာယ်ကျရောက်နိုင်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျွန်ုပ်တို့ ရေတွင်းကုန်းကျေးရွာတွင် ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်သူများမှာ မိုးရေဖြင့် စိုက်ပျိုးကြသည်။ မြေအောက်ရေ အသင့်အတင့် သုံးကြသည်။ စိုက်ပျိုးနိုင်သည့် နှမ်း၊ပဲကို အဓိကစိုက်ပျိုးကြသည်။

**၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ရေတွင်းကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၉၄)စုရှိပြီး လူဦးရေစုစုပေါင်း(၁၁၆၇)ဦး ယောက်ရှိပါသည်။ ကျေးရွာတွင်ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အမျိုးသမီး ဦးရေသည် အမျိုးသားဦးရေထက် ပိုများသည်ကို တွေ့ရပါသည်။ အလုပ်လုပ်နိုင်သော အရွယ် အသင့်အတင့် ရှိသဖြင့် လူသားအရင်းမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့် သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက် အောင်စွမ်း ဆောင်နိုင်သည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ရေတွင်းကုန်းကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်း ဖြစ်ပြီး တရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် လျော့နည်းနေပါသည်။ ယာလုပ်ငန်းနှင့် ပတ်သက်၍ နေ့စားအလုပ်သမား၏ ဝင်ငွေမှာ အမျိုးသားများက ပိုမို ရရှိကြ ပါသည်။ ချမ်းသာသော အိမ်ထောင်စုများအပြင် ဈေးသည်၊ စက်ချုပ်၊ လက်သမား/ပန်းရံစသော အသေးစားအိမ်တွင်းလုပ်ငန်းများလည်း တွဲဘက်လုပ်ကိုင်ကြသည်။ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက်နီးပါးသည် မြေယာမဲ့များဖြစ်ပြီး သီးနှံစိုက်ပျိုးချိန်တွင် အလုပ်အကိုင်ရှိကြပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးပါသည်။ ကျေးရွာတွင် ယာမြေသုံးစက်ကိရိယာပိုင်ဆိုင်မှု နည်းပါးပါသည်။ ကျေးရွာတွင် ပုဂ္ဂလိကဝန်ထမ်းအချို့နှင့် အစိုးရဝန်ထမ်းအနည်းငယ်သာရှိပြီး ဝင်ငွေအသင့်အတင့်ရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်တောင်သူလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေး၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်း၊ တစ်နိုင် တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအနည်းငယ် အလုပ်အကိုင် ကြသည်။ ကျေးရွာမှ ဆင်းရဲ နှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော ၆၄ အိမ်ထောင်စုကို လေ့လာစန်းစစ်မှုအရ (၁၀၀%) မှာ သူတပါးထံမှ ချေးငှားပြီး (၃)လခန့် အောက် စားသုံးနိုင်ကြသည်။ ဝမ်းစာဖူလုံရန် ချေးယူရသည့်အပြင် ပညာရေး၊ကျန်းမာရေး၊လူမှုရေးတို့အတွက် ချေးယူသုံးစွဲနေကြရပါသည်။

မိုးရွာသွန်းမှုနည်းသောကြောင့် စိုက်ပျိုးရေးတွင် အခက်အခဲရှိပါသည်။ မြေယာ အနည်းငယ် တွင် အဝီစိရေထုတ်ယူသုံးစွဲနိုင်သော်လည်း စိုက်ပျိုးရေရှားပါးမှုကြောင့် သီးနှံအထွက်နှုန်း ထွက်သင့် သလောက်မထွက်ပေ။ ချောင်းရေတိုက်စားမှုကြောင့် ယာမြေပျက်စီးရပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ကျေးရွာသူ/သား တို့သည် တစ်ကိုယ်ရေသန့်ရှင်းရေး ကျန်းမာရေးအသိအမြင် များရှိကြသည်။ ကျေးရွာတွင် လက်နှိပ်တုံကင်၊ရေစုပ်စက်များမှ မြေအောက်ရေရရှိသည့်အတွက် မြေအောက်ရေကို အလွယ်တကူ ရရှိနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါဖြစ်ပွားမှု နည်းပါး ကြောင်း တွေ့ရှိရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရသည်။ ရွာသား အများစုသည် အခြေခံ အရေးအဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက်

နည်းပြီး အခြေခံပညာရေးကို အလယ်တန်းအဆင့်သာရှိပြီး အဆင့်မြှင့်တင်ရန် လိုအပ်ပြီး အထက်တန်းပညာရေးကို မင်းဘူး (အထက-၁)နှင့်(အထက-၂)တို့တွင် သွားရောက် သင်ကြားနိုင်သည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု မှာ နိမ့်ကျဆဲ ဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးပါသည်။

**(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ**

ရေတွင်းကုန်းကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာ လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် ပညာရေးနှင့် လုပ်ငန်းတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ ပညာရေးတွင် အမျိုးသမီးများသည် အမျိုးသားများထက် များနေကြောင်းတွေ့ရသည်။ ပညာသင်ကြားရေးတွင် အမျိုးသားနှင့် အမျိုးသမီးတန်းတူအခွင့်အရေးရှိကြသည်။ကျေးရွာတွင် နေ့စားလုပ်အားခမှာ အမျိုးသားများ ကပိုမိုရရှိကြသည်။ ကျား မတန်းတူညီမျှမှု အသိပညာပေးခြင်းမှား ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုတွင် အထောက်အပံ့ဖြစ်စေပါသည်။

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် စီးပွားရေးဆိုင်ရာအဖွဲ့အစည်း (၃)ဖွဲ့နှင့် လူမှုရေးဆိုင်ရာအဖွဲ့ (၁)ဖွဲ့၊ ဘာသာရေးနှင့် ယာဉ်ကျေးမှု အဖွဲ့တို့ရှိပြီး လှုတ်ရှားမှု အားနည်းပါသည်။ မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်း များကို လည်ပတ်ဆောင်ရွက် လျှက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ အားနည်းကြပြီး အဖွဲ့အစည်းများဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန် လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် နှမ်း၊ပဲကြီး၊ပဲစဉ်ငုံးနှင့်ပဲမျိုးစုံကို အဓိကစိုက်ပျိုးပြီး နှမ်းကို ကေ(၈၀၀)ကျော်၊ ပဲကြီး (၂၅၇)ကေ၊ ကုလားပဲ(၃၀၀)ကေ၊ ပဲစဉ်းငုံ(၅၀၀)ကေခန့်ကို အလှည့်ကျ စိုက်ပျိုးကြသည်။ ပဲတီစိမ်း၊ မတ်ပဲတို့ကို တခါတရံမျှသာ စိုက်ပျိုးကြသည်။ မိုးခေါင်ခြင်း၊ စနစ်မကျခြင်း၊ စက်ကိရိယာ

ရှားပါးခြင်း၊ လုပ်အားခဈေးမြင့်ခြင်းနှင့် စိုက်ပျိုးရေးချေးငွေ မလုံလောက်ခြင်းများရှိပါသည်။ တောင်သူအများစုသည်လယ်ယာ လုပ်ငန်းခွင်အတွက် အလုပ်သမားအလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှအလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားပါသည်။ တောင်သူ များ သည် တခါတရံတွင် မိုးရွာသွန်းမှု မညီမျှမှု ရင်ဆိုင်ရတတ်သည်။ စက်ကိရိယာများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးလာနိုင်ပါသည်။ စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုရှိပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်း ရေးနည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် နွားများကို စီးပွားဖြစ် မွေးမြူခြင်းမရှိဘဲ ခိုင်းနွားများသာ မွေးမြူကြပါသည်။ဆိတ်၊ကြက်၊ဝက်တို့ကို တနိုင်တပိုင် မွေးမြူကြပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ် မွေး/ကု ဦးစီးဌာနမှ ရရှိနိုင် သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံ ဆောင်ရွက်ပေးနိုင်မှု အားနည်းပါသည်။

**(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် ခေါင်းရွက်ဈေးသည်များသည် အနီးရှိရွာများသို့ရောင်းချရပြီး ဝင်ငွေ နည်းပါးပါသည်။ လယ်ယာလုပ်ငန်းတွင် ရာသီချိန်တွင်သာ ဝင်ငွေရရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးပါသည်။ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းတွင် မုန့်ကြိတ်စက်ရှိပြီး ပုံမှန်မလည်ပတ်သဖြင့် ဝင်ငွေ နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်း တစ်ရပ်ဖြစ်ပါသည်။ မြို့ပေါ်တွင် သက်မွေးသင်တန်းများတက်ရောက်ရန်လက်လှမ်းမီသော်လည်း ငွေကြေးမတတ်နိုင်ပါ။ အသက်မွေးဝမ်းကြောင်း အချို့ကို သင်ကြားလိုသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိ အတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင် သုံးပညာအရည်အချင်းပိုင်း တွင်လည်း နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံနိုင်ရန်နှင့် လုပ်ငန်းထူထောင်ရန် လည်း မတတ်နိုင်ကြချေ။ သက်မွေးသင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

ကျေးရွာတွင် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။

စွန့်ပစ်ပစ္စည်းများဖြစ်သော ပလတ်စတစ်အမှိုက်များ ပုလင်းခွံ များကို စနစ်တကျ မစွန့်ပစ်သဖြင့် အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးစရိတ်အတွက် မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း (၈၀)ပြား ၊ တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် လူထုအချေပြု ငွေချေးအစီအစဉ်ရှိပြီး NAG ပက်စ်မြန်မာ၊ သမ တို့ရှိပြီး NAG မှာ အဖွဲ့ဝင် ၂၄၁ဦးရှိပြီး (၆)အိတိုးနှုန်း (၃)ကျပ်ဖြင့် ချေးယူနိုင်ပါသည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အလယ်တန်းစာသင်ကျောင်းအရွယ်အစားမှာ (၆၀'×၃၀'×၁၂')၊ (၅၀'× ၃၀'× ၁၅') နှင့် အလယ်တန်းကျောင်းခွဲအရွယ်အစား (၆၀'×၃၀'×၁၂') တို့ရှိပါသည်။ ကျောင်းသို့ခြေလျှင်တက်ရပါသည်။ ကျောင်းခြံစည်းရိုးမှာ လုံခြုံမှုမရှိပါ။ အထက်တန်းကျောင်းကို မင်းဘူး(အ-ထ-က-၁/၂) ကျောင်းသို့ တက်ရောက်ရပါသည်။ ကျေးရွာတွင် မူလတန်းပြ ဆရာ မလုံလောက်ပါ။ ကျေးရွာတွင် ကျောင်းသုံး စာအုပ်၊ ပရိဘောဂ လုံလောက်မှုမရှိပါ။ ကျောင်းစရိတ် မတတ်နိုင်၍ ကျောင်းမထားနိုင်သူများ လည်းရှိပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိသော်လည်း ကောင်းမွန်မှုမရှိပါ။ သားဖွားဆရာမ(၁)ဦးသာရှိပြီး ဝန်ဆောင်မှု ကောင်းမွန်မှုမရှိပါ၊ ကာကွယ်ဆေးများကို နိုင်ငံတော်မှ အပတ်စဉ်ထိုးနှံပေးပါသည်။ ကျေးရွာတွင် လက်နှိပ်တုံကင်၊ ရေမှုတ်စက်များ တပ်ဆင်ထားသည့်အတွက် သောက်သုံးရေဖူလုံမှုရှိပြီး တချို့အိမ် ထောင်စုများမှာ တဝိုင်းထဲ အတူနေ အိမ်ထောင်စုများသုံးစွဲခြင်း ရှိနေပါသည်။

### (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် နေရာသီးသန့် မရှိပါ။ လူငယ်များသည် ဘာသာရေး၊လူမှုရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင် ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်းရိုးရာအကများဖြင့်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လုပ်အားဖြင့် တက်ကြွစွာပါဝင် ဆောင်ရွက် ကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသဖြင့် လူငယ်များ အသိပညာဖွံ့ဖြိုးမှု နည်းပါး ပါသည်။ စာကြည့်တိုက်တည်ဆောက်ပေးရန်လိုအပ်ပါသည်။

### (ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရေတွင်းကုန်းကျေးရွာရှိ ရွာတွင်လမ်းများသည် မြေသားလမ်းများဖြစ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး ကောင်းမွန်မှုမရှိပါ။

မိုးရာသီတွင် ချောင်းရေကျခြင်းကြောင့် ကျန်းမာရေးကိစ္စများတွင် စိုးရိမ်ရပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမှာ ဒီဇယ်အင်ဂျင် (၂)လုံးမှ ရရှိသည့် ရရှိပြီး ည(၇)နာရီမှ (၉)နာရီထိ သုံးစွဲ၇ပြီး ၅၀၀၀မှ ၆၀၀၀ကျပ်ထိ ပေးရသဖြင့် သုံးစွဲခမှု ဈေးကြီးပါသည်။ လျှပ်စစ်မီးမရသဖြင့် ထင်းကို အသုံးပြုနေရပြီး သစ်တောပြုန်းတီးမှု ရှိပါသည်။ မိုဘိုင်ဖုန်းကို သတင်းနှင့်ဆက်သွယရေးအတွက် အသုံးပြုလျှက် ရှိသော်လည်း သတင်းစာဝယ်ယူဖတ်ရှူ့မှုမရှိပါ။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး၊ တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု ချောမွေ့စေသည်။ ကျေးရွာတွင်မီးဘေးအန္တရာယ်ကြိုတင် ကာကွယ် ရေးအနေဖြင့် မနက်(၁)ကြိမ် ည(၁)ကြိမ် မီးစစ်ဆေးပါသည်။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ရာဇဝတ်မှု ဖြစ်ပွားမှု နည်းပါးခြင်းကြောင့် အုပ်ချုပ်ရေး လက်လှမ်း မီခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် မီးလင်းရေးကော်မတီဖွဲ့စည်းထားရှိပြီး ဒီဇယ်အင်ဂျင် (၂)လုံးမှ ရရှိသည့် ရရှိပြီး ည(၇)နာရီမှ (၉)နာရီခွဲအထိ ရရှိပါသည်။ မိုးရာသီတွင် ချောင်းရေကျသဖြင့် တံတားတည်ဆောက်ရန်လိုအပ်ပါသည်။ ဘွဲ့ရလူငယ် နည်းပါးပြီး သက်မွေးသင်တန်းများ, စာကြည့်တိုက်များ ဆောက်လုပ်ပေးခြင်းဖြင့် လူ့စွမ်းအား အရင်းအမြစ် တိုးတက်စေပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး အဆင့်မြှင့်တင်ရန် ကျောင်းသား အင်အားရှိပါသည်။ ကျေးရွာတွင် သီးနှံများအထွက်နှုန်းကောင်းစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ၊ သင်တန်းများပေးပါက စိုက်ပျိုးရေး ပိုမိုအားကောင်း လာနိုင်ပါသည်။ တချို့ယာမြေများတွင် စိုက်ပျိုးရေအတွက် အဝီစိတွင်းမှ ရေကို အသုံးပြုကြပါသည်။

နှမ်း၊ပဲကြီး၊ကုလားပဲတို့ကို စိုက်ပျိုးပြီး အိမ်ခြံဝန်းစိုက်ခင်းများလည်း လုပ်ကိုင်ကြပါသည်။ ထုတ်ကုန်များကို မင်းဘူး၊ မကွေးမြို့များသို့ ရောင်းချကြပြီး မွေးမြူရေးလုပ်ငန်းအတွက် ဆိတ်၊နွား၊ကြက်နှင့် ဝက်တို့ကို အဓိက မွေးမြူသည့်အတွက် မွေး/ကုဦးစီးဌာနမှ မျိုးကောင်း မျိုးသန့်များ ဖြန့်ဝေခြင်၊ ရောဂါအတွက် အသိ ပညာပေးခြင်းများနှင့် ဈေးကောင်း ရရှိရေး ဆောင်ရွက်ခြင်းဖြင့် ပိုမိုအားကောင်းလာနိုင်ပါသည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာတွင် လျှပ်စစ်မီးရရှိရန် မဟာဓာတ်အားလိုင်းနှင့် (၆)မိုင်ဝေးပါသည်။ ကိုယ်ထူကိုယ်ထ သွယ်တန်းချိတ်ဆက်နိုင်ခြင်းမရှိပါ။ ယာမြေ မတိုးချဲ့နိုင်ပါ။ ပိုးသတ်ဆေးများ

ဈေးကြီးခြင်း၊ အထွက်နှုန်းလျော့ခြင်း၊ စက်ကိရိယာမဝယ်နိုင်ခြင်း၊ စိုက်ပျိုးရေးချေးငွေ မလုံလောက်ခြင်းများရှိပါသည်။ ကျေးရွာဖြစ်သည့် အားလျော်စွာ ပညာတတ် အလွန်နည်းပါးခြင်း၊ အလုပ်အကိုင်အခွင့် အလမ်း နည်းပါးခြင်းတို့ရှိသဖြင့် လက်မှုပညာ၊ စက်မှုပညာသင်တန်းများ သင်တန်းပို့ချခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင် ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်းဖြင့် အဆင်ပြေ ချောမွေ့စွာသွားလာနိုင်စေမည် ဖြစ်ပါ သည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းဖြင့် လျှပ်စစ်မီးရရှိပြီး လူမှုစီးပွားဘဝမြင့်မားလာစေနိုင်ပါသည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် အုတ်ရေမြောင်းလွှဲတည်ဆောက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာနိုင်ပါသည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေး ဆိုင်ရာ ဟောပြောပွဲများ ကျင်းပခြင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွား လာပြီး အကောင်အထည်ဖော် ဆောင်ရွက်၍ မိသားစုဝင်ငွေတိုးပွားလာနိုင်မည်ဖြစ်ပါသည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းဖြင့် လူမှုစီးပွားဘဝ မြင့်တက်လာနိုင်ပြီး ပိုမိုကောင်းမွန်လာနိုင်မည် ဖြစ်ပါသည်။

က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် မီးသတ်ယာဉ်ရရှိရေးဆောင်ရွက်ခြင်းဖြင့် သဘာဝဘေး အန္တရာယ် လျော့ကျစေနိုင်ပါသည်။

က.၇) ကျွန်ုပ်တို့ကျေးရွာလူထုသည် မြစိမ်းရောင်စီမံကိန်းရရှိအောင်ဆောင်ရွက်ခြင်း မိသားစု ဝင်ငွေတိုးပွားလာစေနိုင်ပါသည်။

က.၈) ကျွန်ုပ်တို့ကျေးရွာလူထုသည် မီးသတ်ရေကန်နှင့် အဆောက်အဦးတည်ဆောက်ခြင်း သဘာဝဘေးအန္တရာယ် လျော့ကျစေနိုင်ပါသည်။

က.၉) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် ကျေးရွာ လူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားသော ကျွမ်းကျင်လုပ်သားများ ပေါ်များကာ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ပြီး မိသားစုဝင်ငွေ တိုးပွားလာနိုင်မည်ဖြစ်ပါသည်။

က.၁၀) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းဖြင့် သီးနှံထွက်ကုန်များ ကို လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ပါသည်။

က.၁၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာချင်းဆက်လမ်းတည်ဆောက်ခြင်းဖြင့် လမ်းပန်း ဆက်သွယ်ရေးလွယ်ကူစေနိုင်ပါသည်။

က.၁၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာရေးဝန်ဆောင်မှုများရရှိအောင်ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဗဟုသုတများတိုးပွားကာ လူမှုစီးပွားဘဝ မြင့်တက်လာနိုင်ပြီး ပိုမိုကောင်းမွန်လာ နိုင်မည် ဖြစ်ပါသည်။

က.၁၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ခေါင်းဆောင်မှုသင်တန်းများဖွင့်လှစ်ခြင်းဖြင့် စွမ်းရည် ထက်မြက်သော လူငယ်များ ပေါ်ပေါက်လာနိုင်ပါသည်။

က.၁၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် အမျိုးသမီးယာဉ်ရရှိရေးဆောင်ရွက်ခြင်းဖြင့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုတွင် စနစ်တကျဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်းအား ကျေးရွာမှ လုပ်အား၊ ငွေအား ပါဝင်ဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်ပြီး နည်းပညာများအား ကျေးလက်ဦးစီး ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာမှ လုပ်အားနှင့် ငွေကြေးထည့်ဝင်ဆောင်ရွက်သွားပါမည်။

ခ.၂) ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီး လူမှုစီးပွားဘဝမြင့်မားလာစေနိုင်ရန် လျှပ်စစ်မီးကြိုး သွယ်တန်းခြင်းအား ကျေးရွာမီးလင်းရေးကော်မတီမှ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ခ.၃) ကျေးရွာတွင် စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာနိုင်စေရန် အုတ်ရေမြောင်းလွှဲတည်ဆောက် ခြင်း အား တောင်သူအဖွဲ့မှ ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ခ.၄) ကျေးရွာတွင် စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာပြီး အကောင်အထည်ဖော် ဆောင်ရွက်၍ မိသားစုဝင်ငွေတိုးပွားလာနိုင်စေရန် စိုက်ပျိုး/မွေးမြူရေး ဆိုင်ရာ ဟောပြောများ ကျင်းပခြင်းအား စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဆေးကုမ္ပဏီများ ထံသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။

၁.၅) ကျေးရွာတွင် လူမှုစီးပွားဘဝ မြင့်တက်လာနိုင်ပြီး ပိုမိုကောင်းမွန်လာနိုင်စေရန် ဘက်စုံ သုံးခန်းမတည်ဆောက်ခြင်းအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ကျေးလက် ဦးစီး ဌာန၊ ဖွံ့ဖြိုးရေး NGO အဖွဲ့များအား ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ် ပါသည်။

၁.၆) ကျေးရွာတွင် သဘာဝဘေး အန္တရာယ် လျော့ကျစေနိုင်ရန် မီးသတ်ယာဉ်ရရှိရေး ဆောင်ရွက်ခြင်းအား ကျေးရွာမှ ရပ်မိရပ်ဖများ ၊ ဖွံ့ဖြိုးရေးအဖွဲ့များမှ မီးသတ်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

၁.၇) ကျေးရွာတွင် မိသားစု ဝင်ငွေတိုးပွားလာစေနိုင်ရန် မြစိမ်းရောင်စီမံကိန်း ရရှိအောင် ဆောင်ရွက်ခြင်းအား ကျေးရွာမှ ရပ်မိရပ်ဖများ ၊ ဖွံ့ဖြိုးရေးအဖွဲ့များမှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

၁.၈) ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ကျစေရန် မီးသတ်ရေကန်နှင့် အဆောက် အဦးတည်ဆောက်ခြင်းအား ကျေးရွာမှ ရပ်မိရပ်ဖများ ၊ ဖွံ့ဖြိုးရေးအဖွဲ့များမှ မီးသတ်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

၁.၉) ကျေးရွာတွင် ကျေးရွာလူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားသော ကျွမ်းကျင် လုပ်သားများ ပေါများကာ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ပြီး မိသားစုဝင်ငွေ တိုးပွားလာနိုင် စေရန် အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ခြင်းအား ကျေးလက် ဦးစီးဌာန၊ အသေးစား စက်မှုလက်မှုဦးစီးဌာနနှင့် NGO အဖွဲ့များအား ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ် ပါသည်။

၁.၁၀) ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းအား ကျေးလက်ဦးစီးဌာနသို့ တင်ပြ တောင်းခံပြီး လိုအပ်သောကုန်ထုတ်လမ်းအကျယ်ရရှိအောင် မြေယာလှူဒါန်းမှုများ ပြုလုပ် သွားမည် ဖြစ်ပါသည်။

၁.၁၁) ကျေးရွာတွင် လမ်းပန်း ဆက်သွယ်ရေးလွယ်ကူစေနိုင် စေရန် ကျေးရွာချင်းဆက်လမ်း တည်ဆောက်ခြင်းအား လမ်းကော်မတီမှ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

၁.၁၂) ကျေးရွာတွင် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာနိုင်စေရန် ကျေးရွာမှ ရပ်မိရပ်ဖများ ၊ ဖွံ့ဖြိုးရေးအဖွဲ့များမှ ကျန်းမာရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးရေး NGO အဖွဲ့များအား ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ် ပါသည်။

၁.၁၃) ကျေးရွာတွင် ကျေးရွာလူငယ်များအတွက် အသိပညာဗဟုသုတများတိုးပွားသော စွမ်းဆောင် ရည်မြင့်မားလာစေရန် ခေါင်းဆောင်မှုသင်တန်းများဖွင့်လှစ်ခြင်းအား ကျေးလက်ဦးစီးဌာန၊ အသေး စား စက်မှုလက်မှုဦးစီးဌာနနှင့် NGO အဖွဲ့များအား ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ် ပါသည်။

၁.၁၄) ကျေးရွာတွင် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုတွင် စနစ်တကျဆောင်ရွက်လာနိုင်စေရန် အမှိုက်သိမ်း ယာဉ်ရရှိရေးဆောင်ရွက်ခြင်းအား ကျေးရွာမှ ရပ်မိရပ်ဖများ ၊ ဖွံ့ဖြိုးရေးအဖွဲ့များမှ NGO အဖွဲ့များအား ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ် ပါသည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံ ပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသ ဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုး ပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက် အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင် အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး**

ကျေးရွာတွင် နှမ်းအပြင် ပဲစဉ်ငုံ၊ပဲကြီးနှင့် အခြားသီးနှံများ စိုက်ပျိုးကြသည်။ တောင်သူများ အတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နှင်ရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်ပါသည်။ ဖျက်ပိုးနှိမ်နှင်ရေးအတွက် သက်ဆိုင်ရာ ဦးစီး ဌာနမှ ဝန်ဆောင်မှုများ ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂိက အရောင်းဆိုင်များကိုပိုမို အားထားသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်း ရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာ အသုံး ပြုပုံ များအပါအဝင် ပိုးမွှား နှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးတို့အတွက် စိုက်ပျိုးရေးဦးစီး ဌာနမှ ဆောင်ရွက်ပေးသင့်ပါ သည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ကျေးရွာနေ တောင်သူများ ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ တောင်သူများစိုက်ပျိုးချိန်မီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် နည်းပါးသဖြင့် အထူးသဖြင့် တောင်သူများ အတွက် အထိုက်အလျောက် များပြား သော စိုက်ပျိုးစရိတ် ချေးငွေများ အချိန်မီရရှိရန် လိုအပ်ပါသည်။

(ဃ) ကျေးလက်အသေးစား စက်မှု၊ လက်မှုလုပ်ငန်းများ ဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာ ရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများ အတွက် အခွင့်အလမ်းရှိပါသည်။ ကျေးရွာတခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများအတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျေးရွာတွင် အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြု အဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ် ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် အချို့နှင့် တိုးချဲ့ပညာရေးဝန်ထမ်းများပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက် ရန်လုံလောက်သော ရန်ပုံငွေလည်းရှိရမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍

စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း၊ အသုံးစရိတ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်း အဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများ ထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| **လျှပ်စစ်ကဏ္ဍ** | | | | | |
| | လျှပ်စစ်မီးကြိုးသွယ်တန်းခြင်း | ၉၈ | ၂ | – လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| *ကျန်းမာရေးကဏ္ဍ* | | | | | |
| | ကျန်းမာရေးဝန်ဆောင်မှုများရရှိအောင်ဆောင်ရွက်ခြင်း | ၇၀ | ၁၂ | –ဆေးခန်းရရှိရန် ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>–ကျန်းမာရေးဝန်ထမ်းရရှိအောင် တင်ပြခြင်း<br>–ကျန်းမာရေးအတွက် အထောက်အကူပေးသောအဖွဲ့များ၊ NGOများနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း | |
| **လူမှုရေးကဏ္ဍ** | | | | | |
| | အမှိုက်သိမ်းယာဉ်ရရှိရေးဆောင်ရွက်ခြင်း | ၆၅ | ၁၄ | – NGOများနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း | |
| | ခေါင်းဆောင်မှုသင်တန်းများဖွင့်လှစ်ခြင်း | ၆၈ | ၁၃ | - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |

| | | | | |
|---|---|---|---|---|
| | | | | –ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | |
| | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁၀၀ | ၁ | –ကျေးလက်ဦးစီးဌာနမှအကူအညီရယူခြင်း<br>–ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း |
